# နိဗ္ဗာန်ကို ကွန်ပြူတာစတဲ့ သိပ္ပံနည်းနဲ့ရှာလို့ ရ မရ

ဒကာ။ ။ နိစ္စ–မြဲသော၊ သုခ–ချမ်းသာ၊ နိစ္စသုခ ဓာတ်သဘောရှိတဲ့ နိဗ္ဗာန် တရားမြတ်ကို ကွန်ပြူတာစသော သိပ္ပံပညာရပ်ဖြစ်တဲ့ လောကဓာတ်နည်း အမျိုးမျိုးတို့ဖြင့် ကြံစည်စမ်းသပ် ရှာဖွေလို့ ရနိုင် မရနိုင်၊ ပိဋကတ်တော် အထောက်အထားနဲ့ တိုတိုကျဉ်းကျဉ်းကလေးပဲ အများမှတ်ဖို့ ဆုံးဖြတ်ပေးပါ ဆရာတော်။

ဆရာ။ ။ အင်း...နိစ္စ သုခ ဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကို ကွန်ပြူတာစတဲ့ လောကီသိပ္ပံနည်း အရပ်ရပ်တို့နဲ့ စမ်းသပ်ရှာဖွေလို့ မရနိုင်ဘူး၊ အထောက်သာဓက ပါဠိတော်ကတော့ မြတ်စွာဘုရားတရားဟောဖို့ ဆင်ခြင်တဲ့အခါ...

အဓိဂတော ခေါ မျာယံ ဓမ္မော၊ ဂမ္ဘီရော, ဒုဒ္ဒသော, ဒုရာနုဗောဓော, သန္တော, ပဏီတော, အတက္ကာဝစရော, နိပုဏော, ပဏ္ဍိတဝေဒနီယော။

အခိဂတော ခေါ မျာယံ ခမ္မော။ ။ ငါရယူတွေ့ရှိ ခံစားထားရတဲ့ လောကမှ ထွက်ရာ အမှန်အစစ်ဖြစ်တဲ့ ဤ နိဗ္ဗာန်တရားမြတ်သည်။

ဂမ္ဘီရော။ ။ ဝိပဿနာ ပညာလမ်းဖြင့်သာ ကြံစည်စမ်းသပ် ဖော်ထုတ်ရမည်ဖြစ်၍ အဟုတ်ပင် နက်နဲလှစွာ၏။

ဒုဒ္ဒသော။ ။ သိရှိ တွေ့မြင်နိုင်ဖို့ ကလည်း ခဲယဉ်းသည်ထက် ပိုမိုခဲယဉ်းလှစွာ၏။

ဒုရာနုဗောဓော။ ။ ရှင်းလင်းပြတ်သားစွာ သဘောပေါက် နားလည်နိုင်ဖို့ကလည်း ခဲယဉ်းပြန်၏။

သန္တော။ ။ နိစ္စ–သုခ ဖြစ်၍ ငြိမ်းချမ်းအေးမြ ချမ်းသာလှစွာ၏။

ပဏီတော။ ။ နှိုင်းပြစရာမရှိ မွန်မြတ်လှဘိ၏။

အတက္ကာဝစရော။ ။ လောကဓာတ်ပညာရပ် သိပ္ပံစွမ်းအင် အတတ်တို့ဖြင့် ကြံစည်ထုတ်ဖော် လုပ်ကိုင်၍မရကောင်းချေ။

ပဏ္ဍိတဝေဒနိယော။ ။ မဂ်ပညာရှင် ဖိုလ်ပညာရှင်တို့သာလျှင် သိမြင်ခံစားရသော သဘောအရာ ဖြစ်ချေသည်...ဟု သဗ္ဗညုတညာဏ်တော်မြတ်မှာထင်မြင်လာလို့ပဲ၊ ဒါကြောင့် လောကုတ္တရာနိဗ္ဗာန်တရားမြတ်ကို ကွန်ပြူတာစသောလောကဓာတ်ပညာရပ်တို့ဖြင့်ကြံစည်ထုတ်ဖော်လို့မရနိုင်ဘူးလို့သိမှတ်ထားရမည်ဒကာကြီးတို့၊ရှင်းကြရဲ့လား။

*ဒကာ။ ။ ဒီလိုဆိုရင် သန္တိသုခရှိတဲ့ နိဗ္ဗာန်တရားမြတ်ကို ဘယ်ပညာရပ် ဉာဏ်စွမ်းအင်ဖြင့် သိမြင် ခံယူနိုင်ပါမည်လဲ ဆရာတော်။*

ဆရာ။ ။ "ဝိပဿနာ ဉာဏံ နိဿာယ မဂ္ဂဖလဉာဏေန အဝစရိတဗ္ဗာ" လို့ ဟောကြားတယ်၊ ဝိပဿနာဉာဏ်ကို အခြေခံမှီရာထားပြီးတော့ ရရှိလာတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ စွမ်းအင်သတ္တိဖြင့်သာ နိဗ္ဗာန်တရားမြတ်ကို သိမြင် ရယူ ခံစားနိုင်တယ်၊ ဝိပဿနာတရား မရှုပွားဘဲနဲ့တော့ ဘယ်သောအခါမှ မရနိုင်ဘူးပဲ ဒကာကြီးတို့၊ ဒါက လူအ လူန အန္ဓတို့အတွက် မဟုတ်ဘူးနော်၊ ကလျာဏ ပုဂ္ဂိုလ်တို့အတွက်သာ ဖြစ်တာ။

*ဒကာ။ ။ ရှင်းလင်း တိကျပြတ်သား၍ ကျေနပ် နှစ်သက်လှပါတယ် ဆရာတော်၊ ဒကာကြီးကလည်း ကလျာဏထဲကပါ ဘုရား။*

ထေရဝါဒမှတစ်ပါး

အယူမှား၍အားကိုးမှားမှုများပပျောက်စေရန်

အမေးအဖြေများ

ရန်ကုန်မြို့ သရက်တောကျောင်းတိုက်

ဖျာပုံတိုက်သစ်ဆရာတော်

# အရှင်ဩဘာသာဘိဝံသ

၏

# သုတေသန

၎

# သမ္မာဒိဋ္ဌိ[illegible]ကျမ်း